## ၁၄။ သရက် ရွက်ဖြတ်ကျိုင်း

**Mango Leaf Cutting Weevil** : *Deporaus marginatus* **(Pascoe, 1883)**

**Coleoptera: Curculionidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ဥမှပေါက်စ လောက်ကောင်ငယ်မှာ နို့နှစ်ရောင်၊ နောက်ပိုင်းဆင့်တွင် အဝါရောင် (သို့) အစိမ်းရင့်ရောင်ပြောင်းသွားပြီး (၅) မီလီမီတာခန့်ရှည်သည်။ ခန္ဓာကိုယ် သေးသွယ် ရှည်လျားကာ အနည်းငယ်ကွေးသောပုံစံရှိသည်။ အကောင်ကြီးမှာ ဘဲဥရှည်ပုံရှိပြီး မီးခိုး ဖျော့ရောင် အမွေးအမျှင်များဖြင့် ဖုံးအုပ်ထားသည်။ ဦးခေါင်း၊ ရင်အုပ်နှင့် နှာတံအခြေမှာ လိမ္မော်ရောင်ရှိပြီး ရှေ့အတောင်မှာ ဝါညိုရောင်ရှိသည်။.

**ဖျက်ဆီးပုံလက္ခဏာများ**



သရက်ပင်များတွင် အရွက်များမှာ ကပ်ကြေးဖြင့် ဖြတ်ထားသကဲ့သို့ တိတိရိရိပြတ်နေသည်ကိုတွေ့ရပြီး ဖြတ်ခံရသည့် အရွက်အပိုင်းများကို မြေပေါ်တွင်တွေ့ရသည်။ အကောင်ကြီးများစားသောက် ဖျက်ဆီးထားသဖြင့် အရွက်နုများ တွင် အပေါက်များလည်း တွေ့ရသည်။ ကျရောက်မှုများပါက အရွက်များခြောက်သွေ့သွားသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | –(၁–၄) ရက် |
| လောက်ကောင် အဆင့် | –(၇–၁၀)ရက် |
| ရုပ်ဖုံး  အဆင့် | –(၁၀–၁၄)ရက် |
| အကောင်ကြီး အဆင့် | –(၄၄–၆၆)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

*(၁)* ဥများ၊ အရွက်များ၊ အရွက်လိပ်များကို လက်နှင့်ကောက်ယူဖျက်ဆီးပါ။

*(၂)* အပင်ခြေ အား မြေဆွ ၊ ထွန်ယက်ပေးခြင်းဖြင့် ပိုးရုပ်ဖုံးများကို နှိမ်နင်းပါ။

(၃) အရွက်ပြတ်များ၊ အကောင်ကြီးများကျရောက်မှု များပါက ထိသေ၊စားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဒိုင်ယာဇီနွန်(DIazinon)
- ဆိုင်ပါမီသရင်(Cypermethrin)